ယူနန်ပုံပြင်

# ခေတ်သစ်တရုတ်နိုင်ငံအတွက် ယူနန်ပြည်နယ်မှ အင်အားများထည့်ပေး

အယ်ဒီတာ။ ။ယူနန်ပြည်နယ်နယ်ပယ်အသီးသီးသည် ဆက်လက်၍ တရုတ်ကွန်မြူနစ်ပါတီ (၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံသတင်းများကို လေ့လာကြည့်ရှုနေကြပြီး ခေတ်သစ်တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ယူနန်ပြည်နယ်မှ အင်အားများဖြင့် မည်သို့ကူညီထောက်ပံ့ရမည်ကိုလည်း တက်ကြွစွာစီမံကြသည်။

# ခိုင်မာသောယုံကြည်ချက်ဖြင့် ကုံလုံကြွယ်ဝသော လူနေမှုအဆင့်အတန်းမြှင့်တင်မည်

တရုတ်ကွန်မြူနစ်ပါတီ (၁၉)ကြိမ်မြောက်ပြည်လုံးဆိုင်ရာညီလာခံမှ ကိုယ်စားလှယ်ဟောရှင်းသည် ပေကျင်းမြို့မှ ပြန်ရောက်ချိန်တွင် ဒီချင့်မှရွာသူရွာသားများထံ တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံ၏ စိတ်ဓာတ်များကို ပြောပြနေသည်။

"ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းက ကျွန်မတို့၏လူနေမှုအဆင့်အတန်းကောင်းမွန်လာအောင် ခိုင်မာသောယုံကြည်ချက်ပေးနေသည်။"ဟု တာချိန်ရွာတွင် စားသောက်ဆိုင်ဖွင့်သော တိဗက်အမျိုးသမီးဟောကျင်းချွင်းက ပြောကြားခဲ့သည်။ "ကျွန်မတို့စားသောက်ဆိုင်ဖွင့်သောအတွေ့အကြုံနှင့် တောဓလေ့စားသောက်ဆိုင်များကိုဖွင့်လှစ်ကာ ကျေးရွာစီးပွားရေးတိုးတက်အောင် ပြုလုပ်သည်။" ဟု ပြောကြားသည်။ "ကျွန်တော်က ရွှေငွေလက်ဝတ်ရတနာများကို လက်ရာမြောက်သောနည်းလမ်းများဖြင့် ပိုမိုလှပအောင် ပြုလုပ်သည်။ အနာဂတ်တွင်တပည့်များများလက်ခံကာ ရိုးရာယဉ်ကျေးမှုလက်မှုပညာများကို အမွေပေးသွားမည်ဖြစ်သည်။" ဟု ပြည်နယ် Intangible ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် အမွေဆက်ခံသူ ဟောချန်ခွင်က ပြောကြားသွားသည်။

# ယဉ်ကျေးမှုများကြောင့်ကိုယ့်ကိုယ်ကိုယုံကြည်မှုများရရှိ

"ကျွန်တော်တို့ ချူရုံရီပန်းထိုးခြင်းယဉ်ကျေးမှုတိုးတက်ဖွံ့ဖြိုးရန် အခွင့်ကောင်းအလမ်းကောင်းများရရှိနေသည်။ ကျွန်တော်တို့သည် ရီပန်းထိုးခြင်းအလှကို ကမ္ဘာလုံးသိအောင်လုပ်မည်။" ဟု တရုတ်ကွန်မြူနစ်ပါတီ (၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံကိုယ်စားလှယ် လီယွင်ရန့်က မိတ်ဆက်ပြောကြားခဲ့သည်။ ရီပန်းထိုးခြင်းနည်းပညာသည် သဘာဝကျပြီး အရောင်များစုံလင်ကာ အနုပညာဆန်ပါသည်။ ရီပန်းထိုးခြင်းသည်ဒုတိယသုတ်ကမ္ဘာ Intangible ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်မှတ်တမ်းတွင်ပါဝင်ပြီး ၂၀၁၆ခုနှစ် ပေကျင်းမြို့တွင်ကျင်းပသော ဆောင်းဦးရာသီဖက်ရှင်ပွဲတော်တွင်လည်း ပါဝင်ပြသခဲ့သည်။

ရီပန်းထိုးခြင်းသည် ရီတိုင်းရင်းသားမျိုးနွယ်၏ ယဉ်ကျေးမှုများကို ဖြန့်ဝေပေးသည့်အပြင် ဆင်းရဲနွမ်းပါးလျော့ချခြင်းအတွက်လည်း အရေးပါသောလုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ "ကုမ္ပဏီ+ပူးပေါင်းလုပ်ဆောင်သော အဖွဲ့အစည်း+လယ်သမား"များပုံစံဖြင့် သာမန်ပန်းထိုးသမားတစ်ဦးသည် နှစ်စဉ်ဝင်ငွေယွမ် ၄-၅သောင်းရရှိနိုင်ပြီး တချို့မှာယွမ်ငွေ (၃)သိန်းအထက်ရရှိသည်။ "ကျွန်တော်တို့သည် ရီပန်းထိုးခြင်းကိုတိုးချဲ့လုပ်ဆောင်ခြင်းဖြင့် ဆင်းရဲနွမ်းပါးခြင်းများ လျော့ချကာ ချမ်းသာလိုပါသည်။"ဟု လီယွင်ရန့်က ပြောကြားခဲ့သည်။

# ထောက်ပံ့မှုအရည်အသွေးမြှင့်တင်ခြင်း



ကူမင်းမြို့ အမှတ်(၁)ပြည်သူ့ဆေးရုံ ကန်းမေအပြည်ပြည်ဆိုင်ရာဆေးရုံကလေးအထူးကုဆရာဝန် လျှန်လီသည် နေ့တိုင်း လက်မလည်နိုင်လောက်အောင် အလုပ်လုပ်ရသည်။ ယူနန်စီးတီးရင်းနှီးမြှုပ်နှံမှုအုပ်စု၏ မိတ်ဆက်ခြင်းဖြင့် အမေရိကန်နိုင်ငံမှဆန်ဖူတယ် ဆေးကုသမှုအုပ်စုတည်ထောင်ထားသော ယူနန်ပြည်နယ် ပထမဆုံးကလေးအထူးကုဆေးခန်းရောက်လာခြင်းကြောင့် ပိုမိုများပြားသောကလေးများသည် နိုင်ငံတကာအဆင့်အတန်းရှိသော အဆင့်မြင့်ကျန်းမာရေးဝန်ဆောင်မှုများကို ခံစားနိုင်ပြီဖြစ်သည်။

"ယူနန်စီးတီးရင်းနှီးမြှုပ်နှံမှုအုပ်စုသည် တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက်ပြည်လုံးဆိုင်ရာညီလာခံ၏ လမ်းညွှန်မှုအောက်မှာ ကုန်ထုတ်လုပ်မှုစီမံခန့်ခွဲခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်းတို့မှတစ်ဆင့် ပြည်နယ်တစ်ခုလုံးထုတ်ကုန်လုပ်ငန်းပြုပြင်ပြောင်းလဲမှုနှင့် အဆင့်မြင့်တင်ခြင်းတို့ကို ဆွဲငင်ဆောင်ရွက်စေမည်ဖြစ်သည်ဟု ယူနန်စီးတီးရင်းနှီးမြှုပ်နှံမှုအုပ်စုအတွင်းရေးမှူး၊ ဥက္ကဋ္ဌရှီလေကပြောကြားခဲ့သည်။ အဆိုပါအုပ်စုသည် မြို့တော်ဆောက်လုပ်ရေးနှင့်ဆိုင်သောအိမ်ခြံမြေများ၊ ရေသန့်ရှင်းရေး၊ ဆေးကုသမှု၊ ပညာသင်ကြားရေးနှင့်သက်ဆိုင်သောလုပ်ငန်းများကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ကာ ဝန်ဆောင်မှုပုံစံဖြင့် ယူနန်ပြည်နယ်အတွက်အရေးကြီးသောလုပ်ငန်း(၈)ခုကို လုပ်ဆောင်မည်ဖြစ်သည်။

# ၂၀၁၇ခုနှစ်တရုတ်နိုင်ငံတကာခရီးသွားလုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲ ကူမင်းမြို့တွင်ကျင်းပ

၂၀၁၇ခုနှစ် တရုတ်နိုင်ငံတကာခရီးသွားလုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲ (အောက်တွင် ခရီးသွားလာရေးပြပွဲဟု အတိုချုံးခေါ်ဝေါ်သည်)ကို နိုဝင်ဘာလ(၁၇)ရက်နေ့မှ(၁၉)ရက်နေ့အတွင်း ကူမင်းမြို့တွင် ကျင်းပခဲ့သည်။ တျန်ချီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာတွင် ပြည်တွင်းပြည်ပခရီးသွားလာ ရေးလုပ်ငန်းရှင်များသည် အတူတကွခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရေးအတွက် ဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြသည်။

အာရှတိုက်တွင် အကြီးဆုံးခရီးသွားလာရေးပြပွဲ တရုတ်နိုင်ငံတကာခရီးသွားလုပ်ငန်းဆိုင်ရာကုန်စည်ပြပွဲ (CITM) သည် ၁၉၉၈ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းရှင်များ၏ဂရုစိုက်ခြင်းခံရသည်။ ၂၀၀၁ခုနှစ်မှစ၍နှစ်စဉ်နှစ်တိုင်း ရှန်ဟိုင်းမြို့နှင့်ကူမင်းမြို့တို့တွင် တစ်လှည့်စီအလှည့်ကျကျင်းပသည်။

ယခုအကြိမ်ကျင်းပသော ခရီးသွားလာရေးပြပွဲသည် တရုတ်နိုင်ငံနိုင်ငံတော်ခရီးသွားလာရေးဦးစီးဌာန၊ တရုတ်လေကြောင်းပို့ဆောင်ရေးဦးစီးဌာန၊ ယူနန်ပြည်နယ်ပြည်သူ့အစိုးရတို့ အတူဦးစီးကျင်းပခြင်းဖြစ်ပြီး ယူနန်ပြည်နယ်ခရီးသွားလာရေးဌာနမှ တာဝန်ယူဆောင်ရွက်သည်။ ပြပွဲဦးစီး၏ဧရိယာသည် စတုရန်းမီတာ၇၀၀၀၀ရှိပြီး ခရီးသွားပုံရိပ်ခန်းမ၊ ခရီးသွားထုတ်ကုန်ပစ္စည်းခန်းမ၊ ကျန်းမာရေးခရီးသွားခန်းမ၊ အားကစားခရီးသွားခန်းမစသည်ဖြင့် ပြခန်းကောင်တာပေါင်း (၃၇၀၀)ခန့်ရှိသည်။

ခရီးသွားလာရေး ပြပွဲကျင်းပစဉ် တရုတ်ပြည် ရှန်ဂရီလာခရီးသွားလုပ်ငန်းမြှင့်တင်ရေးကော်မတီ၊ ရှန်ဂရီလာညခရီးသွားလာရေးပြပွဲ ဖွင့်လှစ်ပွဲအခမ်းအနားနှင့် ပြည်တွင်းပြည်ပဧည့်သည်တော်များ ပြပွဲလှည့်လည်ကြည့်ရှုခြင်း၊ လန်ချန်မြစ်-မဲခေါင်မြစ်မြစ်ဝှမ်းဒေသရှိခရီးသွားမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ၊ တရုတ်အာဆီယံနိုင်ငံများ ခရီးသွားလာရေးပူးပေါင်းဆောင်ရွက်မှု ပိတ်ပွဲအခမ်းအနား၊ ဈေးသည်နှင့် ဈေးဝယ်ပရော်ဖက်ရှင်နယ် ညှိနှိုင်းပွဲစသော လှုပ်ရှားမှုများပြုလုပ်ခြင်းဖြစ်ပြီး "၂၀၁၇ခုနှစ်ပိုးလမ်းမကြီးခရီးသွားလုပ်ငန်း"ဟူသည့်ခေါင်းစဉ်ဖြင့် ခရီးစဉ်အသစ်များ၊ ကုန်ပစ္စည်းအသစ်များကို ထုတ်လုပ်ကာ ခရီးသွားလာရေးမြှင့်တင်ရန်လမ်းစသစ်များကိုပြုလုပ်သွားမည်ဖြစ်သည်။ ယခုအကြိမ်ခရီးသွားလာရေးတွင် အားကစားခရီးသွားဟူသည့် ခေါင်းစဉ်ဖြင့် ပြခန်းကိုပထမဆုံးဖွင့်လှစ်ထားသည်။

နိုဝင်ဘာလ(၅)ရက်နေ့ (၁၉)နာရီ (၄၅)မိနစ်မှာ တရုတ်နိုင်ငံစီချမ်းဂြိုဟ်တုလွှတ်တင်ရေးစင်တာတွင် Long March3B ကယ်ရီယာဒုံးပျံဖြင့်တင်ဆောင်ကာ(၂၄)၊ (၂၅)ခုမြောက် Beidouလမ်းညွှန်ဂြိုဟ်တုကိုအောင်မြင်စွာလွှတ်တင်ခဲ့သည်။ အဆိုပါဂြိုဟ်တုသည် MEOဂြိုဟ်တုပတ်လမ်းမှဂြိုဟ်တုများဖြစ်ပြီး တရုတ်Beidou3 နံပါတ်(၁၊၂) ကွန်ယက်ဂြိုဟ်တုများဖြစ်ကာ Beidou လမ်းညွှန်ဂြိုဟ်တုစနစ်ကို တစ်ကမ္ဘာလုံးသုံး ကွန်ယက်ဂြိုဟ်တုဟူသည့်ခေတ်သစ်ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ဂြိုဟ်တုပတ်လမ်းအတွင်းသို့ရောက်ရှိပြီးနောက် စမ်းသပ်ခြင်းများပြုလုပ်ပြီး ကွန်ယက်အတွင်းသို့ဝင်ကာ ဝန်ဆောင်မှုများရယူနိုင်သည်။ အဆိုပါလုပ်ဆောင်ချက်လုပ်ပြီးချိန်မှစ၍ တရုတ်နိုင်ငံသည် Beidouကွန်ယက်ဂြိုဟ်တု အမြောက်အမြားလွှတ်တင်ခြင်းများကို ပြုလုပ်ခဲ့ပြီး ၂၀၁၈ခုနှစ်မတိုင်မီတွင်ပင် Beidou3 ကွန်ယက်ဂြိုဟ်တု(၁၈)လုံးလွှတ်တင်ခဲ့ပြီဖြစ်ပြီး "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" လမ်းတစ်လျှောက်မှနိုင်ငံများကိုဖုံးလွှမ်းပြီဖြစ်သည်။ ၂၀၂၀ခုနှစ်တွင် ကွန်ယက်ဂြိုဟ်တုပေါင်း(၃၀)ကျော်ကို လွှတ်တင်မည်ဖြစ်ပြီး တစ်ကမ္ဘာလုံးကို ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

